**Briefing Note**

*by Prof. Dr. Khin Ni Ni Thein, Founder and Chair, Myanmar Water Academy and Ecocivilisation Wing Myanmar Country Chair*

G 100, Ecocivilisation Wing, Myanmar and Myanmar Water Academy (MyanWA) co-organise the celebration of the International Women's Day 8-3-2024 and the World Water Day 22-3-2024, merged on **17 Mar 2024**.

G 100 Ecocivilisation Wing Myanmar နှင့် Myanmar Water Academy (MyanWA) တို့ ပူးတွဲစီစဉ်သော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (၈-၃-၂၀၂၄) အထိမ်းအမှတ် နှင့် ကမ္ဘာ့ရေနေ့ (၂၂-၃-၂၀၂၄) အထိမ်းအမှတ် ဟောပြောပွဲများကို၊ **၂၀၂၄ခုနှစ် မတ်လ ၁၇ ရက်နေ့တွင်** တစ်စုတစ်စည်း၊ တစ်ကြိမ်တည်း ကျင်းပမည်ဖြစ်ပါသည်။

**Event Name:**
**The Panel discussion on "Inspiring Women's Inclusion to Empower Water for Peace"**

**ပွဲအမည် -**
**"အမျိုးသမီးများထပ်တိုးပါဝင်နိုင်မှုကို လှုံ့ဆော်အားပေးခြင်း ဖြင့် "ငြိမ်းချမ်းရေးအတွက်ရေ" ၏အခန်းကဏ္ဍ ကိုပီပြင်စေခြင်း" စကားဝိုင်းဆွေးနွေးပွဲ**

This event is designed to celebrate two occasions in one, the International Women's Day 8th Mar 2024 and the World Water Day 22nd Mar 2024.

ဤ **စကားဝိုင်းဆွေးနွေးပွဲ** သည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (၈-၃-၂၀၂၄) နှင့် ကမ္ဘာ့ရေနေ့ (၂၂-၃-၂၀၂၄) တို့ကို စုပေါင်း၍ ၂၀၂၄ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် တစ်ကြိမ်တည်းပူးတွဲကျင်းပရန် ရည်ရွယ်ပါသည်။

1. The "International Women's Day": The United Nations has designated the year 2024's theme as '**Invest in Women: Accelerate Progress**' with a focus on addressing economic disempowerment, while **the campaign theme for this year is 'Inspire Inclusion.**"

၁။ "၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့" အတွက် ကမ္ဘာ့ကုလသမဂ္ဂ၏ ဆောင်ပုဒ်မှာ "Invest in Women: Accelerate Progress" အဖြစ် ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကို ကိုင်တွယ်ဖြေရှင်းရန် အာရုံစိုက်ထားပြီး၊ ယခုနှစ်အတွက်Campaign လှုံ့ဆော်မှု ဆောင်ပုဒ်မှာ "Inspire Inclusion - **အမျိုးသမီးများထပ်တိုးပါဝင်နိုင်မှုကို လှုံ့ဆော်အားပေးခြင်း"** ဖြစ်သည်။

~~~~

2. The "World Water Day 2024": World Water Day is an annual United Nations observance day held on 22 March that highlights the importance of fresh water. The day is used to advocate for the sustainable management of freshwater resources. **This year's theme is 'Water for Peace', which focuses on the critical role water plays in the stability and prosperity of the world.**
~~~~

၂။ "ကမ္ဘာ့ရေနေ့" သည် နှစ်စဉ် မတ်လ ၂၂ ရက်နေ့တွင် ကျင်းပသော ကုလသမဂ္ဂ အထိမ်းအမှတ်နေ့ ဖြစ်ပြီး ရေချို၏ အရေးပါမှုကို မီးမောင်းထိုးပြပါသည်။ ရေချိုအရင်းအမြစ်များ ရည်ရှည်တည်တံ့စေရန် စဉ်ဆက်မပြတ် စီမံခန့်ခွဲမှု လိုအပ်ကြောင်း ကမ္ဘာ့လူထုကိုလျှောက်လှဲရန် နှင့် ယင်းကိုထောက်ခံအားပေးရန်အတွက် နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။ ယခုနှစ်၏ ဆောင်ပုဒ်မှာ '**ငြိမ်းချမ်းရေးအတွက် ရေ**' ဖြစ်ပြီး ကမ္ဘာကြီး၏ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတွင် ရေသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း မီးမောင်းထိုးပြသည်။
~~~

"Combining two campaign themes, "**Inspire Inclusion**" and "**Water for Peace**", into a cohesive statement requires careful consideration to maintain the essence of both while emphasizing their interconnectedness. Hence, we have created this title for our webinar, **"Inspiring Women's Inclusion to Empower Water for Peace".**

"Campaign လှုံ့ဆော်မှုခေါင်းစဉ်နှစ်ခုဖြစ်သည့် "Inspire Inclusion - အမျိုးသမီးများ ထပ်တိုး ပါဝင်နိုင်မှုကို လှုံ့ဆော်အားပေးခြင်း" နှင့် "Water for Peace - ငြိမ်းချမ်းရေးအတွက် ရေ" တို့ကို ပေါင်းစည်းထားသော ပွဲတစ်ခုအနေဖြင့် ၎င်းစာသားတို့၏ အပြန်အလှန်ဆက်နွယ်မှုကို အလေးပေးကာ ၎င်းတို့နှစ်ခုစလုံး၏ အနှစ်သာရကို ထိန်းသိမ်းထားရန် ဂရုတစိုက် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ထို့ကြောင့် ဤစကားဝိုင်း ဆွေးနွေးပွဲကို **"အမျိုးသမီးများထပ်တိုးပါဝင်နိုင်မှုကို လှုံ့ဆော်အားပေးခြင်း ဖြင့် '*ငြိမ်းချမ်းရေးအတွက်ရေ*' ၏အခန်းကဏ္ဍကိုပီပြင်စေခြင်း"** ဟူ၍ ခေါင်းစည်းတပ်ထားပါသည်။
~~~~

This combination highlights the overarching goal of inspiring inclusion while recognizing the pivotal role of water in fostering peace. It suggests that inclusive practices within water management can contribute significantly to peacebuilding efforts. This statement maintains the essence of both themes of IWD2024 and WWD2024 and underscores their complementary nature.

ဤပေါင်းစပ်မှုသည် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ရေ၏အဓိကအခန်းကဏ္ဍကို အသိအမှတ်ပြုထားစဉ်တွင် အမျိုးသမီးများထပ်တိုးပါဝင်နိုင်မှုကို လျှောက်လှဲ၍ ထောက်ခံဆွေးနွေး၊ အားပေးပါဝင်မှု၏ အဓိကပန်းတိုင်ကို မီးမောင်းထိုးပြပါသည်။ ရေစီမံခန့်ခွဲမှုတွင် ပါဝင်နိုင်သည့် အလေ့အကျင့်များသည် ငြိမ်းချမ်းရေးတည်ဆောက်ရေး ကြိုးပမ်းမှုများကို သိသိသာသာ အထောက်အကူပြုနိုင်ကြောင်း အကြံပြုထားသည်။ ဤပေါင်းစပ်ထားသော စကားဝိုင်း ဆွေးနွေးပွဲခေါင်းစဉ်သည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (IWD2024) နှင့် ကမ္ဘာ့ရေနေ့ (WWD2024) ၏ ခေါင်းစဉ်နှစ်ခုစလုံး၏ အနှစ်သာရကို ထိန်းသိမ်းထားပြီး ၎င်းတို့၏ ပေါင်းစပ်သဘာဝကို အလေးပေးဖော်ပြသည်။
~~~~

Keywords: Women, Water, Sustainable Water Management, Sustainable development, Sustainability.

သော့ချက်စာလုံးများ- အမျိုးသမီးများ၊ ရေ၊ စဉ်ဆက်မပြတ် ရေစီမံခန့်ခွဲမှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည်တည်တံ့မှု။
~~~~

"The panel discussion on **"Inspiring Women's Inclusion to Empower Water for Peace"** will illustrate the sustainable local outcomes of promoting inclusion in our grassroots efforts to foster

peace through water, encompassing sustainable water management and governance on the ground.

**“အမျိုးသမီးများထပ်တိုးပါဝင်နိုင်မှုကို လှုံ့ဆော်အားပေးခြင်း ဖြင့် ငြိမ်းချမ်းရေးအတွက်ရေ ၏အခန်းကဏ္ဍ ကိုပီပြင်စေခြင်း”** စကားဝိုင်းဆွေးနွေးပွဲတွင် ရေကိုကောင်းမွန်စွာ စီမံခန့်ခွဲခြင်းအားဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို မြှင့်တင်ရန်၊ မြေပြင်တွင် ရေရှည်တည်တံ့သော ရေစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုတို့ကို လွှမ်းခြုံကာ၊ အခြေခံ လူတန်းစားများ၏ ကြိုးပမ်းမှုများတွင် အမျိုးသမီးများပါဝင်မှု မြှင့်တင်ခြင်း၏ ရေရှည်တည်တံ့သော ဒေသဆိုင်ရာ ရလဒ်များကို တင်ပြသွားမည် ဖြစ်သည်။
~~~~

This webinar aims to explore the intersectionality of gender, water, and peacebuilding, recognizing the pivotal role that women play in sustainable development and conflict resolution at the very local level. Water, a critical resource, is often a source of both cooperation and contention, making it a key factor in fostering peace. This webinar seeks to highlight the unique contributions women make in harnessing water-related initiatives for building and maintaining peaceful societies.

ဤစကားဝိုင်းဆွေးနွေးပွဲသည် ကျား၊မ၊ ရေ၊ နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့၏ ဆုံစည်းမှုကို စူးစမ်းလေ့လာရန် ရည်ရွယ်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပဋိပက္ခဖြေရှင်းရေးတွင် အမျိုးသမီးများ ပါဝင်သည့် အဓိကအခန်းကဏ္ဍကို အသိအမှတ်ပြုရန် ရည်ရွယ်ပါသည်။ အရေးပါသော အရင်းအမြစ်ဖြစ်သည့် ရေသည် မကြာခဏဆိုသလို ပူးပေါင်းဆောင်ရွက်မှုနှင့် ငြင်းခုံမှုနှစ်ခုလုံး၏ အရင်းအမြစ်ဖြစ်ပြီး ၎င်းသည် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် အဓိကအချက်ဖြစ်သည်။ ဤ စကားဝိုင်းဆွေးနွေးပွဲ webinar သည် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းများ တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် အမျိုးသမီးများ၏ ရေနှင့်ပတ်သက်သော အစပျိုးမှုများကို အသုံးချခြင်းတွင် ထူးခြားသော ပံ့ပိုးကူညီနိုင်မှု စွမ်းအားများကို မီးမောင်းထိုးပြရန် ကြိုးပမ်းသည်။
~~~~~~

The concept note emphasizes the need to amplify the voices of women who are at the forefront of water management and peacebuilding efforts worldwide. By focusing on the nexus of gender and water, the webinar intends to shed light on the untold stories of women as agents of change in water-related conflicts and their efforts to promote stability and resilience in their communities.

ဤပွဲ၏အယူအဆ အမြင်သဘောထားသည် ကမ္ဘာတစ်ဝှမ်းရှိ ရေစီမံခန့်ခွဲမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် ရှေ့တန်းမှ ပါဝင်နေသော  အမျိုးသမီးများ၏အသံကို မြှင့်တင်ရန် လိုအပ်ကြောင်း အလေးပေးဖော်ပြထားသည်။ ကျား၊မ တန်းတူညီမျှစွာ ပါဝင်မှု နှင့် ရေ၏ရေရှည်တည်တံ့မှုတို့၏ ဆက်နွယ်ကို အာရုံစိုက်ခြင်းဖြင့်၊ ဆွေးနွေးပွဲစကားဝိုင်း webinar သည် ရေနှင့်ပတ်သက်သော ပဋိပက္ခများတွင် ကောင်းသောအပြောင်းအလဲများကို ဖန်တည်းသူများအဖြစ် အမျိုးသမီးများ၏ ဖွင့်ဟမပြောသော ပုံပြင်များနှင့် ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းအတွင်း တည်ငြိမ်မှုနှင့် ခံနိုင်ရည်ရှိမှုကို မြှင့်တင်ရန် ၎င်းတို့၏ကြိုးပမ်းအားထုတ်မှုများကို ထုတ်ဖော်ပြသရန် ရည်ရွယ်ပါသည်။
~~~~~~

The webinar will feature expert speakers, including water and agriculture professionals, gender expert, teachers, engineers, environmentalists, philanthropists, and youth practitioners, who will share their insights on the challenges and opportunities at the intersection of women's roles, water management, and peace processes. Panel discussions will delve into case studies, best
~~~~~~

practices, and innovative approaches that leverage the power of women in water diplomacy and conflict prevention.

အဆိုပါ စကားဝိုင်းတွင် ရေ နှင့် စိုက်ပျိုးရေး ပညာရှင်များ၊ အမျိုးသမီးအရေး တက်ကြွလှုပ်ရှားသူများ၊ ဆရာ ဆရာမများ၊ အင်ဂျင်နီယာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ၊ ပရဟိတစေတနာရှင်များ၊ လူငယ်များ နှင့် ကျွမ်းကျင်သူများ ပါဝင်မည်ဖြစ်ပြီး အမျိုးသမီးများ၏ အခန်းကဏ္ဍ၊ ရေစီမံခန့်ခွဲမှုနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဆိုရာ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများဆိုင်ရာ ထိုးထွင်းသိမြင်မှုများကို မျှဝေပေးမည်ဖြစ်သည်။ အစုလိုက်ဆွေးနွေးမှုများသည် ရေဆိုင်ရာသံတမန်ရေးရာနှင့် ပဋိပက္ခကြိုတင်ကာကွယ်ရေးတွင် အမျိုးသမီးများ၏စွမ်းအားကို လွှမ်းမိုးသည့် ဖြစ်ရပ်လေ့လာမှုများ၊ အကောင်းဆုံးအလေ့အကျင့်များနှင့် ဆန်းသစ်သောချဉ်းကပ်မှုများကို စေ့စေ့စပ်စပ်လေ့လာပါမည်။
~~~~~~

Participants will gain a deeper understanding of the gender dimensions of water-related issues and their impact on peacebuilding. The event aims to foster collaboration among diverse stakeholders, including policymakers, NGOs, and community leaders, to develop inclusive strategies that empower women and address the intricate links between water management and conflict resolution.

ပါဝင်သူများသည် ရေနှင့်ပတ်သက်သည့် ပြဿနာများ၏ ကျားမရေးရာ အတိုင်းအတာနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအပေါ် ၎င်းတို့၏ သက်ရောက်မှုများကို ပိုမိုနက်ရှိုင်းစွာ နားလည်သဘောပေါက်လာမည်ဖြစ်ပါသည်။ အဆိုပါပွဲသည် မူဝါဒချမှတ်သူများ၊ NGO များနှင့် ရပ်ရွာခေါင်းဆောင်များ အပါအဝင် မတူကွဲပြားသော သက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်ပြီး အမျိုးသမီးများအား စွမ်းဆောင်နိုင်စေရန်နှင့် ရေစီမံခန့်ခွဲမှုနှင့် ပဋိပက္ခဖြေရှင်းရေးတို့ကြား ရှုပ်ထွေးသော ဆက်စပ်မှုများကို ဖြေရှင်းပေးသည့် အားလုံးပါဝင်သည့် မဟာဗျူဟာများ ဖော်ဆောင်ရန် ရည်ရွယ်ပါသည်။
~~~~~~~~

Ultimately, the **"Inspiring Women's Inclusion to Empower Water for Peace"** webinar envisions a platform for knowledge exchange and collaboration, driving collective efforts to ensure that local women's voices and experiences are integral to shaping sustainable and peaceful water policies on a global scale.

အဆုံးစွန်အားဖြင့်၊ **"အမျိုးသမီးများထပ်တိုးပါဝင်နိုင်မှုကို လှုံ့ဆော်အားပေးခြင်း ဖြင့် ငြိမ်းချမ်းရေးအတွက်ရေ ၏အခန်းကဏ္ဍကိုပီပြင်စေခြင်း"** စကားဝိုင်းဆွေးနွေးပွဲ webinar သည် အသိပညာဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအတွက် ပလက်ဖောင်းတစ်ခုအဖြစ် မျှော်မှန်းထားပြီး ဒေသခံအမျိုးသမီးများ၏ အသံနှင့် အတွေ့အကြုံများသည် ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာအထိ ရေရှည်တည်တံ့ပြီး ငြိမ်းချမ်းသောရေမူဝါဒများကို ပုံဖော်ရန်အတွက် သာဓကဖြစ်ကြောင်း သေချာစေရန် စုပေါင်းကြိုးပမ်းမှုများကို တွန်းအားပေးပါသည်။
~~~~


Ref,:

1. https://www.unwater.org/news/%E2%80%98water-peace%E2%80%99-world-water-day-2024-campaign-launches

2. https://www.internationalwomensday.com/
~~~~